
# ၂၀၂၄ ခုနှစ် မတ်လအတွင်း ဖြစ်ပွားခဲ့သော စစ်ဆင်ရေးနှင့် တိုက်ပွဲဖော်ဆောင်မှုများ



NLTA
NYAN LYNN THIT ANALYTICA

NLTA
NYAN LYNN THIT ANALYTICA

၂၀၂၆ ခုနှစ်၊ မတ်လအတွင်း နိုင်ငံတဝန်း စစ်ရေးလှုပ်ရှားမှုများနှင့် တိုက်ပွဲဖော်ဆောင်မှုများကို ဖေဖော်ဝါရီလနှင့်နှိုင်းယှဉ်ကြည့်ပါက ၀.၉၉ ရာခိုင်နှုန်းတိုးလာသည်ကို တွေ့ရသည်။ မတ်လအတွင်း တိုက်ပွဲဖော်ဆောင်မှုအများဆုံးတွေ့ရှိရသည့် ဒေသများမှာ မကွေး၊ စစ်ကိုင်း၊ တနင်္သာရီ နှင့် မန္တလေး တို့ဖြစ်ကြသည်။ မကွေးဒေသတွင် မတ်လတွင် တိုက်ပွဲဖြစ်ပွားမှု အများဆုံးဖြစ်ပြီး ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ၀.၄၅ ရာခိုင်နှုန်း တိုးလာသည်ကို တွေ့ရသည်။ စစ်ကိုင်းနှင့် တနင်္သာရီဒေသတို့သည် မတ်လတွင်တိုက်ပွဲဖြစ်ပွားမှု ဒုတိယ အများဆုံးဖြစ်ပြီး စစ်ကိုင်းဒေသသည် ၀.၁ ရာခိုင်နှုန်းနှင့် တနင်္သာရီဒေသသည် ၀.၂၇ ရာခိုင်နှုန်း အသီးသီး တိုးလာသည်ကို တွေ့ရသည်။ တိုက်ပွဲဖော်ဆောင်မှုတတိယအများဆုံးဖြစ်သည့် မန္တလေးဒေသတွင်လည်း ၀.၁၂ ရာခိုင်နှုန်း တိုးလာသည်။ မတ်လအတွင်း တိုက်ပွဲဖော်ဆောင်မှုများနှင့် စစ်ဆင်ရေးများတွင် နှစ်ဘက် အပြန်အလှန်တိုက်ခိုက်မှုများ၊ မိုင်းဆွဲတိုက်ခိုက်မှုများ၊ ဒရုန်းအသုံးပြုတိုက်ခိုက်မှုများ၊ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ငယ်များအသုံးပြုတိုက်ခိုက်မှုများကို အများဆုံးတွေ့ရှိရသည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဘက်မှ ထိုးစစ်ဆင်တိုက်ခိုက်မှုများ အများဆုံးပြုလုပ်ခဲ့ပြီး စစ်အုပ်စု၏စစ်ကြောင်းများ၊ စစ်စခန်းများ၊ စစ်ယာဉ်တန်းများ၊ စစ်အုပ်စု၏ တပ်စုငယ်များ (သို့) တပ်ဖွဲ့ဝင်များ၊ စစ်အုပ်စု၏တပ်ရင်း ဌာနချုပ်များ၊ စစ်ဆေးရေးဂိတ်များနှင့် ရဲစခန်းများကို စစ်ရေးပစ်မှတ်များအဖြစ်ဦးတည်တိုက်ခိုက်ခဲ့သည်ကိုတွေ့ရသည်။ နှစ်ဘက်ထိတွေ့တိုက်ပွဲများကြောင့် စစ်အုပ်စုနှင့် တော်လှန်ရေးအင်အားစုများ ထိခိုက်သေဆုံးမှုများအပြင် အရပ်သားထိခိုက်သေဆုံးမှုများလည်း ရှိခဲ့သည်။ ထို့အပြင် နှစ်ဘက်ထိတွေ့တိုက်ပွဲများကြောင့်သာမက အရပ်သားများကိုပစ်မှတ်ထားတိုက်ခိုက်မှုနှင့် ဖမ်းဆီးမှုစသည့် ဖြစ်စဉ်များကြောင့် အရပ်သားထိခိုက်သေဆုံးသည့် ဖြစ်စဉ်များကိုလည်း တွေ့ရှိရသည်။





ပုံ-၁၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ နှင့် မတ်လအတွင်း ဒေသအလိုက် စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှုအကြိမ်ရေ နှိုင်းယှဉ်မှုပြပုံ

# စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှုများ


၂၀၂၆ ခုနှစ်၊ မတ်လအတွင်း စစ်ရေးလှုပ်ရှားမှု အကြိမ်အရေအတွက် စုစုပေါင်း အနည်းဆုံး ၄၄၀ ကြိမ်ရှိပြီး လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် စစ်အုပ်စုတပ်များအကြား စစ်ရေးဖော်ဆောင်မှု အကြိမ်အရေအတွက် စုစုပေါင်း အနည်းဆုံး ၄၂၁ ကြိမ် ရှိခဲ့ပါသည်။ အဆိုပါတိုက်ပွဲဖြစ်စဉ်များတွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဘက်မှ စစ်ရေးဖော်ဆောင်မှုမှာ ၃၆၄ ကြိမ်နှင့် စစ်အုပ်စုဘက်မှ စစ်ရေးဖော်ဆောင်မှုမှာ ၅၇ ကြိမ် ရှိခဲ့သည်။ အဖွဲ့အမည်မသိရှိရသည့် အဖွဲ့များမှ စစ်ရေးဖော်ဆောင်မှုမှာ ၁ ကြိမ် ရှိခဲ့သည်။ ထို့ပြင်လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား တိုက်ပွဲဖြစ်စဉ်များလည်း ရှိခဲ့ပြီး စုစုပေါင်းဖြစ်စဉ် ၁၈ ကြိမ် ရှိခဲ့သည်။ စစ်ရေးလှုပ်ရှားမှုနှင့် တိုက်ပွဲဖော်ဆောင်မှု အများဆုံးဖြစ်ပွားခဲ့သည့် ဒေသများမှာ မကွေး၊ တနင်္သာရီ၊ စစ်ကိုင်း နှင့် မန္တလေး တို့ ဖြစ်ကြပြီး မကွေးတွင် ၇၅ ကြိမ်၊ တနင်္သာရီ နှင့် စစ်ကိုင်းတွင် ၆၈ ကြိမ်စီ နှင့် မန္တလေးတွင် ၄၁ ကြိမ် ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။ ထို့အပြင် မတ်လအတွင်း ရှမ်း (အရှေ့) တွင် တိုက်ပွားဖြစ်ပွားခဲ့ခြင်း မရှိကြောင်း တွေ့ရှိရသည်။

လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား ဖြစ်ပွားခဲ့သည့်စစ်ရေးဖြစ်စဉ်များမှာ မကွေး၊ ရှမ်း(မြောက်)နှင့် တနင်္သာရီဒေသတို့တွင် ဖြစ်ပွားခဲ့သည်။ မကွေးဒေသတွင် မတ်လ ၂၂ ရက်နေ့တွင် ဂန့်ဂေါမြို့နယ် ကျေးရွာတရွာတွင် ယောကာကွယ်ရေးတပ် (YDF) ရဲဘော်များ အချင်းချင်း လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ၂ ဦးသေဆုံးကာ ၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ရှမ်း (မြောက်) ဒေသတွင်လည်း လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားသည့် ဖြစ်စဉ်ပေါင်း ၁၃ ခုရှိခဲ့သည်။ မတ်လ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကွတ်ခိုင်မြို့နယ်တွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) တို့အကြား ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ထို့အပြင် မတ်လ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ မူဆယ်မြို့နယ် ကျေးရွာ ၃ ရွာရှိ TNLA တပ်သား ၉ ဦးအား MNDAA မှ ဖမ်းဆီးခဲ့သည့် ဖြစ်စဉ်လည်းရှိခဲ့သည်။




ပုံ-၂၊ ဒေသအလိုက် စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှုအကြိမ်ရေ ပြပုံ

မတ်လ ၇ ရက်နေ့တွင် တနင်္သာရီဒေသ ထားဝယ်မြို့နယ်ရှိ ကျေးရွာတရွာတွင် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) တပ်ရင်း ၁၂ မှ တပ်ဖွဲ့ဝင် ၂ ဦးအား ကော်သူးလေတပ်မတော် (KTLA) မှ ဖမ်းဆီးသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်လည်းရှိခဲ့သည်။ ထို့အပြင် မတ်လ ၁၄ ရက်နေ့တွင် သရက်ချောင်းမြို့နယ်ရှိ ကျေးရွာ ၂ ရွာအကြားတွင် KNLA နှင့် ပူးပေါင်းတပ်ဖွဲ့ဖြစ်သည့် ဗထူးတပ်မတော်( Ba Htoo Army -BHA) တို့ စီးနင်းလာသည့်ကားအား KLTA မှ ကြားဖြတ်တိုက်ခိုက်ခဲ့သဖြင့် BHA တပ်ဖွဲ့ဝင် ၄ ဦး သေဆုံးခဲ့ပြီး ၃ ဦး ထိခိုက်ဒဏ်ရာရရှိကာ ၂ ဦး ပျောက်ဆုံးခဲ့သည်။ ဒေသအလိုက် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် စစ်အုပ်စုတပ်တို့၏ တိုက်ခိုက်မှုများအပြင် အဖွဲ့အစည်းအမည်မသိရှိရသည့်အဖွဲ့များ၏ တိုက်ခိုက်မှုအကြိမ်ရေများကို အထက်ပါ ပုံ-၂ တွင် တွေ့မြင်နိုင်ပါသည်။





[၁] လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုဆိုသည်မှာ စစ်အုပ်စုမှအသုံးပြုသောမော်တာများ၊ ဟောင်ဝစ်ဇာအမြောက်များ၊ အတွဲလိုက်ဒုံးပစ်လောင်ချာများစသည့် စက်ရုံထုတ်လက်နက်များနှင့် လက်နက်ကိုင်တော်လှန်ရေးတပ်များမှ အသုံးပြုသော အဆိုပါစက်ရုံထုတ်လက်နက်များအပြင် လက်လုပ်တာတို/တာဝေး ဒုံးပစ်လောင်ချာများ၊ ဗုံးပစ်လောင်ချာများ စသည့် လက်နက်များ အသုံးပြုတိုက်ခိုက်မှုဖြစ်ပါသည်။

**ပုံ-၃၊ ဒေသအလိုက် တိုက်ပွဲဖော်ဆောင်မှုပုံစံများနှင့် အကြိမ်ရေ ပြပုံ**

၂၀၂၆ ခုနှစ်၊ မတ်လအတွင်း မြို့နယ်ပေါင်း ၉၃ မြို့နယ်တွင် စစ်ရေးလှုပ်ရှားမှုများနှင့် တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့သည်။ စစ်အုပ်စုနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအကြား နှစ်ဘက်အပြန်အလှန်တိုက်ခိုက်မှုဖြစ်စဉ်မှာ အများဆုံးဖြစ်ပြီး ၂၈၈ ကြိမ် ရှိသည်ကို တွေ့ရသည်။ ၎င်းထိတွေ့တိုက်ပွဲများတွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအနေဖြင့် စစ်စခန်း ၁၁ ခု၊ ရဲစခန်း ၁ ခုနှင့် စစ်ဆေးရေးဂိတ် ၁ ခု၊ စုစုပေါင်း ၁၃ ခုအား သိမ်းယူနိုင်ခဲ့သည်။ စစ်အုပ်စုဘက်မှလည်း မြို့ ၃ မြို့အပါအဝင် လက်နက်ကိုင်တော်လှန်ရေးတပ်များ၏ စခန်း ၈ ခုကို မတ်လအတွင်းတွင် သိမ်းပိုက်ခဲ့သည်။ ထို့အပြင် ထိတွေ့တိုက်ပွဲများအတွင်း စစ်အုပ်စုမှ လေကြောင်းအသုံးပြုတိုက်ခိုက်မှုအနည်းဆုံး ၆၂ ကြိမ် ပြုလုပ်ခဲ့သည်။

မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်မှာ ဒုတိယအများဆုံးဖြစ်ပြီး စုစုပေါင်းဖြစ်စဉ် ၄၆ ကြိမ် ရှိခဲ့သည်။ အဆိုပါဖြစ်စဉ်တွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ ၄၅ ကြိမ်နှင့် စစ်အုပ်စုဘက်မှ ၁ ကြိမ် ပြုလုပ်ခဲ့သည်။ ဒရုန်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်သည် ဖြစ်စဉ် ၄၂ ကြိမ်ဖြင့် တတိယအများဆုံးဖြစ်သည်။ အဆိုပါဖြစ်စဉ်အတွင်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ ၃၉ ကြိမ်နှင့် စစ်အုပ်စုဘက်မှ ၃ ကြိမ်ပြုလုပ်ခဲ့သည်။ ဒေသအလိုက် ဖြစ်ပွားခဲ့သော တိုက်ပွဲဖော်ဆောင်မှု ပုံစံများကို အောက်ပါ ပုံ-၃ တွင် တွေ့မြင်နိုင်ပါသည်။ အဆိုပါဖြစ်စဉ်များအတွင်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ စစ်ရေးပစ်မှတ်များကို အများဆုံး ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြပြီး စစ်အုပ်စုစစ်ကြောင်းများကို ၁၈၄ ကြိမ်၊ စစ်အုပ်စု၏ စစ်စခန်းများကို ၅၃ ကြိမ်၊ စစ်ယာဉ်တန်းများကို ၃၀ ကြိမ်၊ စစ်အုပ်စု၏ တပ်ရင်းနှင့် ဌာနချုပ်များကို ၂၃ ကြိမ်နှင့် စစ်အုပ်စု၏ တပ်စုငယ်များ (သို့) တပ်ဖွဲ့ဝင်များကို ၂၃ ကြိမ်စီ အစရှိသဖြင့် တိုက်ခိုက်ခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ ဒေသအလိုက် တိုက်ခိုက်ခဲ့သော စစ်ရေးပစ်မှတ်များနှင့် အကြိမ်ရေကို အောက်ပါပုံ ပုံ-၄ တွင်တွေ့မြင်နိုင်ပါသည်။




**ပုံ-၄၊ ဒေသအလိုက် စစ်ရေးပစ်မှတ်များနှင့် တိုက်ခိုက်ခံရမှုအကြိမ်ရေ ပြပုံ**

# လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ မြို့သိမ်းတိုက်ပွဲ ဖော်ဆောင်မှုများ

၂၀၂၆ ခုနှစ်၊ မတ်လအတွင်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ သိမ်းပိုက်ရရှိသည့် စစ်အုပ်စုတပ်စခန်းများရှိသကဲ့သို့ မြို့ ၃ မြို့အား ပြန်လည်လက်လွှတ်ခဲ့ရသည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ စစ်အုပ်စုကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သော မြို့သိမ်းနှင့် စခန်းသိမ်းတိုက်ပွဲများကို ကချင်၊ ကရင်၊ ပဲခူး (အရှေ့)၊ ပဲခူး (အနောက်)၊ မကွေး၊ ရခိုင်၊ ဧရာဝတီနှင့် တနင်္သာရီဒေသများတွင် ဆက်လက်ဖော်ဆောင်ခဲ့သည်။

မတ်လ၌ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ စခန်းသိမ်းတိုက်ပွဲများကို ကချင်ဒေသနှင့် တနင်္သာရီဒေသများတွင် အများဆုံးတွေ့ရပြီး စစ်အုပ်စု၏ တပ်စခန်း စုစုပေါင်း ၆ ခုအထိ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ မတ်လ ၁၄ ရက်နေ့တွင် ကချင်ဒေသ မိုးညှင်းမြို့နယ်ရှိ ရှမ်းနီအမျိုးသားများတပ်မတော် (Shanni Nationalities Army) နှင့် စစ်အုပ်စု၏ ကာကင်းစခန်း ၃ ခုအား ကချင်လွတ်မြောက်ရေးတပ်မတော် (Kachin Independence Army) နှင့် ပူးပေါင်းတပ်များမှ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များသည် တနင်္သာရီဒေသအတွင်း ပုလောနှင့် သရက်ချောင်းမြို့နယ်များတွင် စခန်းသိမ်းတိုက်ပွဲများဖော်ဆောင်ခဲ့ပြီး စစ်အုပ်စု၏ စခန်းများကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ မတ်လ ၁၁ ရက်နေ့တွင် သရက်ချောင်းမြို့နယ်အတွင်းရှိ စစ်အုပ်စု၏ အဓိကအခြေစိုက်စခန်း တခုဖြစ်သည့် ဝင်းဝတပ်စခန်းအား KNLA နှင့် ပူးပေါင်းတပ်များမှ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထို့အပြင် မတ်လ ၁၄ ရက်နေ့တွင် ပုလောမြို့နယ် ကျေးရွာ ၂ ရွာရှိ စစ်အုပ်စု၏ ကာကင်းစခန်း ၁ ခု နှင့် ရဲစခန်း ၁ ခုအား သိမ်းပိုက်ခဲ့သည်။

မတ်လ ၅ ရက်နေ့နှင့် ၈ ရက်နေ့တို့တွင် ဧရာဝတီဒေသ၊ ရေကြည်မြို့နယ်ရှိ စစ်အုပ်စု၏ အမြောက်တပ် (၃၄၄) နှင့် တမိုင်အကွာ ရိုးမတောင်တန်းများရှိ စစ်အုပ်စု၏ ကာကင်းစခန်းများတွင် စစ်အုပ်စုနှင့် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် အဆိုပါကာကင်းစခန်းများသိမ်းယူရရှိခဲ့သည်။ ထို့အပြင် မတ်လ ၃၁ ရက်နေ့တွင် ပဲခူး (အရှေ့) ဒေသ၊ ကျောက်ကြီးမြို့နယ်ရှိ စစ်အုပ်စု၏ ဂိတ်စခန်း ၁ ခုအား KNLA နှင့် ပူးပေါင်းတပ်များမှ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ မတ်လ ၅ ရက်နေ့တွင် ပဲခူး (အနောက်) ဒေသ၊ ပန်းတောင်းမြို့နယ်ရှိ စစ်အုပ်စု၏ အမှတ် ၁၆ ကာကွယ်ရေးပစ္စည်းစက်ရုံ (ကပစ -၁၆) ကာကင်းစခန်းများအား အာရက္ခတပ်တော် (Arakan Army)နှင့် ပူးပေါင်းတပ်များမှ တိုက်ခိုက်ခဲ့ပြီး လက်နက်ခဲယမ်းများပါ သိမ်းပိုက်ရရှိခဲ့သည်။

မတ်လ ၁၇ ရက်နေ့တွင် ကရင်ဒေသ ဖာပွန်မြို့နယ်အခြေစိုက် စစ်အုပ်စု၏ ကော်သွေးကျိုးစခန်းအား KNLA နှင့် ပူးပေါင်းတပ်များမှ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စခန်းအား သိမ်းပိုက်ရရှိခဲ့သည်။ မတ်လ ၄ ရက်နေ့တွင် မကွေးဒေသ ငဖဲမြို့နယ်ရှိ စစ်အုပ်စုသိမ်းပိုက်ထားသည့် နတ်ရေကန်ဗျူဟာကုန်း၏ အဓိကပင်မကာကင်းစခန်း ၁ ခုအား AA နှင့် ပူးပေါင်းတပ်များမှ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထို့အပြင် မတ်လ ၁၆ ရက်နေ့တွင် ရခိုင်ဒေသ ကျောက်ဖြူမြို့နယ်ရှိ စစ်အုပ်စုအခြေစိုက် ကာကင်းစခန်း ၁၃ အား AA မှ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

ထို့အပြင် ရှမ်း (မြောက်) ဒေသတွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအကြား မြို့သိမ်းနှင့် စခန်းသိမ်းတိုက်ပွဲများကို ဖော်ဆောင်ခဲ့သည့် ဖြစ်စဉ်လည်းရှိခဲ့သည်။ မတ်လ ၁၄ ရက်နေ့တွင် ရှမ်း (မြောက်) ဒေသ ကွတ်ခိုင်မြို့နယ် ကျေးရွာ ၂ ရွာ ရှိ T NLA ၏ တပ်စခန်းများအား MNDAA မှ စီးနင်းသိမ်းပိုက်ခဲ့သည်။ ထို့အပြင် မတ်လ ၁၅ ရက်နေ့တွင် MNDAA နှင့်TNLA တပ်ဖွဲ့များအကြား ကွတ်ခိုင်မြို့နယ်တွင် ထိတွေ့တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီးနောက် TNLA မှ ဆုတ်ခွာသွားခဲ့သဖြင့် MNDAA မှ ကွတ်ခိုင်မြို့ကို အလုံးစုံ ထိန်းချုပ်ခဲ့သည်။

မတ်လတွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ သိမ်းပိုက်ရရှိသည့် စစ်အုပ်စုတပ်စခန်းများရှိသကဲ့သို့ မြို့ ၃ မြို့အပါအဝင် ပြန်လည်လက်လွတ်ရသည့် လက်နက်ကိုင်တော်လှန်ရေးတပ်များ၏ စခန်းများလည်း စုစုပေါင်း ၁၁ ခု ရှိခဲ့သည်။ အဆိုပါစခန်းသိမ်းတိုက်ပွဲများမှာ မန္တလေး၊ စစ်ကိုင်းနှင့် ရှမ်း (မြောက်) ဒေသတို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မန္တလေးဒေသ၊ သပိတ်ကျင်းမြို့နယ်အတွင်းရှိ တကောင်းမြို့အပါအဝင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ စစ်စခန်း ၅ ခု သိမ်းပိုက်ခံရပြီး အများဆုံးဖြစ်သည်။ မတ်လ ၂ ရက်နေ့တွင် စစ်အုပ်စုသည် တကောင်းမြို့နှင့် သပိတ်ကျင်းမြို့နယ်အကြား ကျေးရွာတရွာရှိ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ တပ်စခန်းတခုအား ပြန်လည်ထိန်းချုပ်ခဲ့သည်။ မတ်လ ၅ ရက်နေ့နှင့် ၇ ရက်နေ့တို့တွင် သပိတ်ကျင်းမြို့နယ် ကျေးရွာ ၂ရွာရှိ တော်လှန်ရေးတပ်ဖွဲ့များ၏ တပ်စခန်း ၂ ခုအား စစ်အုပ်စုမှ အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်သိမ်းပိုက်ခဲ့သည်။

မတ်လ ၁၀ ရက်နေ့တွင် စစ်အုပ်စုသည် တကောင်းမြို့အား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များထံမှ ပြန်လည်ထိန်းချုပ်ခဲ့သည်။ စစ်ကိုင်းဒေသနှင့် မန္တလေးဒေသနယ်စပ်တွင် တည်ရှိသည့် တကောင်းမြို့အား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များမှ ၂၀၂၄ ခုနှစ်၊ ၁၀၂၇ စစ်ဆင်ရေး ဒုတိယပိုင်း ဩဂုတ်လ ၁၂ ရက်နေ့တွင် တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး စစ်အုပ်စုမှ ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ကာ အင်အားအလုံးအရင်းဖြင့် စစ်ကြောင်းထိုးသိမ်းပိုက်ခဲ့သည်။ ထို့အပြင် သပိတ်ကျင်းမြို့နယ်ရှိ တန်းမြင့်လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ် (၁၃) ရှိသည့် တွင်းငယ်ရွာဘက်မှ စစ်ကြောင်းထိုးဝင်ရောက်ခဲ့သည့် စစ်အုပ်စုစစ်ကြောင်းသည် မတ်လ ၁၇ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ် ကျေးရွာတရွာရှိ တော်လှန်ရေးတပ်ဖွဲ့များ၏ တပ်စခန်းတခုအား သိမ်းပိုက်ထိန်းချုပ်ခဲ့သည်။

NYAN LYNN THIT ANALYTICA

မတ်လ ၂၄ ရက်နေ့တွင် စစ်အုပ်စုစစ်ကြောင်းသည် မန္တလေးဒေသ သပိတ်ကျင်းမြို့နယ်နှင့် ရှမ်း (မြောက်) ဒေသ၊ မိုးမိတ်မြို့နယ် အစပ်ရှိ မိုးမိတ်-တွင်းငယ်လမ်းပိုင်းအား ပြန်လည်ထိန်းချုပ်ခဲ့သည်။ မတ်လ ၉ ရက်နေ့တွင် မိုးမိတ်-တွင်းငယ်လမ်းပိုင်းအတိုင်း စစ်ကြောင်းထိုးခဲ့ပြီးနောက် ရှမ်း(မြောက်) ဒေသ ကျောက်မဲမြို့နယ်ရှိ တော်လှန်ရေးတပ်ဖွဲ့များ၏ ကျေးရွာတပ်စခန်းတခုအား ထိန်းချုပ်ခဲ့သည်။


မတ်လအတွင်း စစ်အုပ်စုသည် စစ်ကိုင်းဒေသအတွင်းရှိ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များထိန်းချုပ်ထားသည့် ကသာမြို့နှင့် ထီးချိုင့်မြို့တို့အား ပြန်လည်သိမ်းပိုက်ခဲ့သည်။ မန္တလေးဒေသ တကောင်းမြို့အား ထိန်းချုပ်ပြီးနောက် စစ်အုပ်စုသည် စစ်ကိုင်းဒေသ ထီးချိုင့်မြို့ရှိ နေရာအချို့နှင့် တကောင်းနီကယ်စီမံကိန်းတို့အား မတ်လ ၂၅ ရက်နေ့တွင် သိမ်းပိုက်ထိန်းချုပ်ခဲ့သည်။ စစ်အုပ်စုသည် မတ်လ ၂၅ ရက်မှ စတင်ကာ စစ်အုပ်စုနှင့် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များတဝက်စီ ထိန်းချုပ်ထားသည့် ထီးချိုင့်မြို့အား အင်အားအလုံးအရင်းဖြင့် မတ်လ ၂၉ ရက်နေ့တွင် ထိုးစစ်ဆင်ကာ ပြန်လည်ထိန်းချုပ်ခဲ့သည်။ ထို့အပြင် မတ်လ ၃၀ ရက်နေ့တွင် စစ်အုပ်စုသည် စစ်ကိုင်းဒေသ၊ ကသာမြို့အား လေကြောင်းစစ်ကူများဖြင့် ပြန်လည်သိမ်းပိုက်ခဲ့သည်။ ကသာမြို့သိမ်းတိုက်ပွဲအတွင်း စစ်အုပ်စုသည် Y-12၊ ဂျက်ဖိုက်တာများဖြင့် အရပ်သားပြည်သူနေအိမ်၊ ရပ်ကွက်၊ ဘာသာရေး၊ စာသင်ကျောင်းနှင့် ကျန်းမာရေးအဆောက်အဦများအပေါ် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး မြေပြင်မှလည်း အင်အားအလုံးအရင်းဖြင့် စစ်ကြောင်းထိုးဝင်ရောက်ကာ သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။

## တိုက်ပွဲဖြစ်စဉ်များအတွင်း ထိခိုက်သေဆုံးမှုများ

၂၀၂၆ ခုနှစ်၊ မတ်လအတွင်း စစ်အုပ်စုတပ်သား အနည်းဆုံး ၇၇၈ ဦး သေဆုံးခဲ့ပြီး အနည်းဆုံး ၄၀၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ၁၄ ဦး ဖမ်းဆီးခံခဲ့ရသည်။ အလားတူ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဘက်မှလည်း အနည်းဆုံး ၇၆ ဦး သေဆုံးခဲ့ပြီး ၄၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ၁၁၁ ဦး ဖမ်းဆီးခံခဲ့ရသည်။ စစ်ရေးလှုပ်ရှားမှုများအတွင်း လေကြောင်းတိုက်ခိုက်မှုများ၊ ဒရုန်းဖြင့် တိုက်ခိုက်မှုများ၊ မိုင်းဆွဲတိုက်ခိုက်မှုများ၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားထိခိုက်သေဆုံးမှုများကိုလည်း တွေ့ရှိရပြီး အနည်းဆုံး အရပ်သား ၁၁၀ ဦး သေဆုံးခဲ့ပြီး ၃၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

NLTA
NYAN LYNN THIT ANALYTICA

# ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှု အကြိမ်ရေပြပုံ




◆ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှသိမ်းပိုက်ခဲ့သည့်မြို့

◆ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှလက်လွှတ်လိုက်ရသောမြို့

# အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်မှုများကြောင့် ထိခိုက်သေဆုံးမှုနှင့် ဖမ်းဆီးခံရမှုများ

စစ်ဆင်ရေးများနှင့် တိုက်ပွဲများကြောင့်သာမက စစ်အုပ်စုတပ်များ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် အမည်မသိလက်နက်ကိုင်အဖွဲ့အစည်းများမှ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် ထိခိုက်သေဆုံးမှုများနှင့် ဖမ်းဆီးခံရသည့် ဖြစ်စဉ်များလည်းရှိခဲ့ပြီး စုစုပေါင်းဖြစ်စဉ် ၄၁၈ ကြိမ် ဖြစ်ပွားခဲ့သည်။ ၎င်းဖြစ်စဉ်များတွင် စစ်အုပ်စုမှ ကျူးလွန်သောဖြစ်စဉ်ပေါင်း ၃၈၆ ကြိမ်၊ အမည်မသိလက်နက်ကိုင်အဖွဲ့အစည်းများမှ ၁၉ ကြိမ်နှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ ၁၃ ကြိမ် အသီးသီးရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်းတွင် စုစုပေါင်း အရပ်သားပြည်သူ ၃၀၉ ဦး သေဆုံးခဲ့ပြီး ၃၃၉ ဦး ဒဏ်ရာရရှိခဲ့ကာ ၆၉၄ ဦး ဖမ်းဆီးခံခဲ့ရသည်။


မတ်လအတွင်းတွင် မြို့နယ် စုစုပေါင်း ၁၁၇ မြို့နယ်၌ စစ်အုပ်စုမှ အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုကျူးလွန်သော အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်စဉ်များမှာ ၃၈၆ ကြိမ် ရှိခဲ့သည်။ ၎င်းတိုက်ခိုက်မှုဖြစ်စဉ်များအတွင်းတွင် အရပ်သားပြည်သူ အနည်းဆုံး ၂၉၈ ဦး သေဆုံးခဲ့ပြီး ၃၀၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားထိခိုက်သေဆုံးမှုသည် အများဆုံးဖြစ်ပြီး မတ်လအတွင်း အရပ်သားပြည်သူ ၁၉၂ ဦး သေဆုံးခဲ့ပြီး ၂၂၂ ဦးဒဏ်ရာရရှိခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုအများဆုံးဖြစ်ပွားသည့် ဒေသများမှာ စစ်ကိုင်းဒေသတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် ၂၅ ခု၊ တနင်္သာရီဒေသတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် ၁၄ ခု၊ မကွေးနှင့် ချင်းဒေသတွင် ၁၁ ခုစီ အသီးသီးရှိခဲ့သည်။

စစ်အုပ်စု၏လေကြောင်းတိုက်ခိုက်မှုကြောင့် စစ်ကိုင်းဒေသအတွင်း ကျွန်းလှ၊ ထီးချိုင့်၊ အရာတော်နှင့် မြောင်မြို့နယ်များတွင် အရပ်သားထိခိုက်သေဆုံးမှု အများဆုံးဖြစ်ပြီး အဆိုပါမြို့နယ်များတွင် အရပ်သားပြည်သူ ၄၆ ဦး သေဆုံးကာ ၅၇ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။ တနင်္သာရီဒေသ၊ ပုလောမြို့နယ်တွင် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူ ၁၅ ဦး သေဆုံးပြီး ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မကွေးဒေသတွင် မင်းတုန်း၊ ထီးလင်းနှင့် ဂန့်ဂေါမြို့နယ်တို့တွင် အရပ်သားပြည်သူ ၃၈ ဦး သေဆုံးခဲ့ပြီး ၃၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ချင်းဒေသရှိ ပလက်ဝနှင့် ဖလမ်းမြို့နယ်တို့တွင် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူ ၁၂ ဦးသေဆုံးခဲ့ပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စစ်အုပ်စုသည် မတ်လအတွင်း လေကြောင်းတိုက်ခိုက်ရာတွင် ဂျက်ဖိုက်တာများ၊ Y-12 လေယာဉ်များ၊ Mi-35 ရဟတ်ယာဉ်များနှင့် MiG-29 ဂျက်ဖိုက်တာများအား အဓိကအသုံးပြုတိုက်ခိုက်ခဲ့ကြောင်း တွေ့ရသည်။ စစ်အုပ်စု၏ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုများမှာ ဒုတိယအများဆုံးဖြစ်ပြီး သေဆုံးသူ ၂၆ ဦးနှင့် ဒဏ်ရာရရှိသူ ၄၁ ဦး ရှိခဲ့သည်။ စစ်အုပ်စု၏ စစ်ကြောင်းထိုးဝင်ရောက်မှုကြောင့် အရပ်သားထိခိုက်သေဆုံးမှုမှာ တတိယအများဆုံးဖြစ်ပြီး ၃၂ ဦး သေဆုံးကာ ၂ ဦး ဒဏ်ရာရရှိခဲ့သည်။


မတ်လအတွင်းတွင် အမည်မသိအဖွဲ့အစည်းများမှ အရပ်သားပြည်သူများကို ကျူးလွန်သောဖြစ်စဉ် ၁၉ ကြိမ် ဖြစ်ပွားခဲ့ပြီး အရပ်သားပြည်သူ ၄ ဦး သေဆုံးကာ ၂၀ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။ ၎င်းဖြစ်စဉ်များ အနက် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် အရပ်သားသေဆုံးမှု အများဆုံးဖြစ်ပြီး အရပ်သားပြည်သူ ၃ ဦး သေဆုံးကာ ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မတ်လ ၁၅ ရက်နေ့တွင် စစ်ကိုင်းဒေသ ရွှေဘိုမြို့နယ်ရှိ ကျေးရွာတံတားတခုတွင် အမည်မသိလက်နက်ကိုင်အဖွဲ့မှ ထောင်ထားသည့် မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်သဖြင့် အရပ်သားပြည်သူ အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မတ်လအတွင်း စစ်အုပ်စုတပ်များ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့များမှ အရပ်သားဖမ်းဆီးမှုဖြစ်စဉ် အနည်းဆုံး ၅၃ ကြိမ် ဖြစ်ပွားခဲ့ပြီး စုစုပေါင်း အရပ်သား ၆၉၄ ဦး ဖမ်းဆီးခံခဲ့ရသည်။ ၎င်းဖြစ်စဉ်များအနက် စစ်အုပ်စုမှကျူးလွန်သော အရပ်သားဖမ်းဆီးမှုဖြစ်စဉ်ပေါင်း ၄၆ ကြိမ် ရှိခဲ့ပြီး စုစုပေါင်း အရပ်သားဖမ်းဆီးခံရသူအရေအတွက် ၆၆၇ ဦး ရှိခဲ့သည်။ မတ်လအတွင်း အရပ်သားဖမ်းဆီးခံရမှုအများစုသည် စစ်မှုထမ်းစေခိုင်းရန် ဖမ်းဆီးခံရခြင်းနှင့် စစ်အုပ်စုစစ်ကြောင်းများက လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းတို့ဖြစ်သည်။ စစ်ကိုင်းဒေသသည် အရပ်သားအများဆုံး ဖမ်းဆီးခံရသည့် ဒေသအဖြစ်တွေ့ရပြီး အရပ်သားအနည်းဆုံး ၂၀၀ ဦး ဖမ်းဆီးခံခဲ့ရသည်။ ထို့နောက် ပဲခူး (အရှေ့) ဒေသသည် အရပ်သားဖမ်းဆီးခံရမှု ဒုတိယအများဆုံးဒေသဖြစ်ပြီး အရပ်သား အနည်းဆုံး ၁၅၀ ဦး ဖမ်းဆီးခံခဲ့ရသည်။ စစ်အုပ်စုသည် မတ်လ ၅ ရက်နေ့တွင် စစ်ကိုင်းဒေသ စစ်ကိုင်းမြို့ပေါ်ရှိ မြို့အဝင်အထွက်စစ်ဆေးရေးဂိတ်များအား ပိတ်ဆို့စစ်ဆေးခဲ့ပြီး အသက် ၂၅ မှ ၃၅ အတွင်း အရပ်သားပြည်သူ ၅၀ ကျော်ကို ဖမ်းဆီးခဲ့ပြီး စစ်ကိုင်းအခြေစိုက် တပ်မ (၃၃)အတွင်းသို့ စစ်မှုထမ်းရန် ပေါ်တာဆွဲဖမ်းဆီးသွားခဲ့ကြောင်း သိရသည်။

မတ်လအတွင်းတွင် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများဘက်မှလည်း အရပ်သားဖမ်းဆီးမှုဖြစ်စဉ် ၆ ကြိမ် ရှိခဲ့ပြီး အရပ်သား စုစုပေါင်း ၂၆ ဦးကို ဖမ်းဆီးခဲ့သည်။ မတ်လ ၂၄ ရက်နေ့တွင် ချင်းဒေသ၊ တီးတိန်မြို့နယ်ရှိ ကျေးရွာတရွာတွင် စစ်မှုထမ်းရန် PDF Zoland မှ လူငယ် ၁၅ ဦးအား ဖမ်းဆီးခဲ့သည်။ ထို့အပြင် မတ်လ ၁၅ ရက်နေ့တွင် ရှမ်း (မြောက်) ဒေသ ကွတ်ခိုင်မြို့နယ်ရှိ TNLA ထိန်းချုပ်ထားသည့် ကျေးရွာတရွာကို MNDAA တပ်ဖွဲ့များမှ စီးနင်းသိမ်းပိုက်ခဲ့ပြီးနောက် အရပ်သားပြည်သူ ၅ ဦးအား ဖမ်းဆီးခဲ့သည်။ ထိုနေ့တွင်ပင် ကွတ်ခိုင်မြို့နယ် ကျေးရွာတရွာတွင် အမျိုးသား ၃ ဦးအား MNDAA တပ်ဖွဲ့များမှ ဖမ်းဆီးခဲ့သည့်ဖြစ်စဉ်လည်းရှိခဲ့သည်။ သတင်းဖော်ပြချက်များအရ မတ်လအတွင်း အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သတ်ဖြတ်မှုများကြောင့် ထိခိုက်ဒဏ်ရာရမှု၊ အသက်သေဆုံးမှုနှင့် ဖမ်းဆီးခံရမှုအရေအတွက်များကို အောက်ပါ ပုံ-၅ နှင့် ပုံ-၆ အတိုင်း တွေ့မြင်နိုင်ပါသည်။




ပုံ-၅၊ ပစ်မှတ်ထားတိုက်ခိုက်မှုများမှ အရပ်သားများ၏ ထိခိုက်သေဆုံးမှုနှင့် ဖမ်းဆီးခံရမှု ဒေသအလိုက်ပြပုံ




**ပုံ-၆၊ အရပ်သားများ ပစ်မှတ်ထားတိုက်ခိုက်သတ်ဖြတ်ခံရမှုပုံစံများနှင့် ထိခိုက်သေဆုံးမှုအရေအတွက်များ**

[၂] အင်ဂျင်တပ်လေထီး အသုံးပြုတိုက်ခိုက်မှုဆိုသည်မှာ အင်ဂျင်လေထီးပေါ်မှနေ၍ ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ထိခိုက်သေဆုံးရခြင်းကို ဆိုလိုပါသည်။

[၃] မိုင်း/မပေါက်ကွဲသေးသောလက်နက်များဖြစ်စဉ်တွင် ပစ်မှတ်မှားမိုင်းဆွဲတိုက်ခိုက်ခြင်းနှင့် မပေါက်ကွဲသေးသော မြေမြှုပ်မိုင်း၊ ဗုံး၊ လက်နက်ကြီးကျည်တို့အပါအဝင် စစ်ကျန်လက်နက်ပစ္စည်းများကြောင့် ထိခိုက်သေဆုံးရခြင်းကို ဆိုလိုပါသည်။

NLTA
NYAN LYNN THIT ANALYTICA

# သုတေသနနည်းနာ

ဤအစီရင်ခံစာသည် ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း နိုင်ငံတဝန်းတွင် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် စစ်အုပ်စုအကြား စစ်ရေးတိုက်ပွဲများနှင့် လူမျိုးစုတော်လှန်ရေးအင်အားစုများ အချင်းချင်းအကြားဖြစ်ပွားခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများကို လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်စဉ်များကို လေ့လာရာတွင် သတင်းဌာန (၄၃) ခုနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ တရားဝင်ထုတ်ပြန်ချက်များမှ တင်ပြထားသည့် သတင်းအချက်အလက်များကို အခြေခံ၍ ဆန်းစစ်လေ့လာထားခြင်းဖြစ်ပြီး ဖြစ်စဉ်အရေအတွက်များနှင့် ထိခိုက်သေဆုံးမှုအရေအတွက်မှာ မြေပြင်တွင်ပိုမိုများပြားနိုင်ပါသည်။ တိုက်ပွဲဖြစ်စဉ်များ၊ ထိခိုက်သေဆုံးမှုအရေအတွက်များနှင့်ပတ်သက်၍ အတည်မပြုနိုင်သေးသည့် အချက်အလက်များအားချန်လှပ်ထားခဲ့ပြီး အဆိုပါ ဖြစ်စဉ်များနှင့် ထိခိုက်သေဆုံးမှုအရေအတွက်များအား အတည်ပြုနိုင်ပါက ဆက်လက်ထုတ်ပြန်သွားမည့် အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပါသည်။ စစ်အုပ်စုနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအကြား ဖြစ်ပွားခဲ့သော စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှုပုံစံများတွင် နှစ်ဘက်အပြန်အလှန်တိုက်ခိုက်ခြင်း၊ လက်နက်ကြီးအသုံးပြုတိုက်ခိုက်မှုများ၊ ဒရုန်းဖြင့်တိုက်ခိုက်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်မှု၊ လက်နက်ငယ်များဖြင့်ပစ်ခတ်တိုက်ခိုက်မှု၊ ဗုံးဖြင့်တိုက်ခိုက်မှု၊ လေကြောင်းတိုက်ခိုက်မှုစသဖြင့် စစ်ရေးနှင့်သက်ဆိုင်သည့် တိုက်ခိုက်မှုများပါဝင်သည်။ စစ်ရေးတိုက်ပွဲဖော်ဆောင်မှုများကို ရေတွက်ရာတွင် တရက်အတွင်း စစ်ရေးပစ်မှတ်နေရာ (၁) ခုကို စစ်အုပ်စုတပ် သို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ တိုက်ခိုက်လျှင် ဖြစ်စဉ် (၁) ခုအဖြစ် သတ်မှတ်ထားသည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဟုဆိုရာတွင် ပြည်သူ့ကာကွယ်ရေးတပ်များနှင့် စစ်အုပ်စုကို တော်လှန်တိုက်ခိုက်နေကြသည့် လူမျိုးစုတော်လှန်ရေးအင်အားစုများလည်း ပါဝင်သည်။ အရပ်သားများ၏ ထိခိုက်သေဆုံးမှုများကိုဖော်ပြရာတွင် တိုက်ပွဲဖြစ်စဉ်များအတွင်း အရပ်သားထိခိုက်သေဆုံးမှုများအပြင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သတ်ဖြတ်မှုများကြောင့် ထိခိုက်သေဆုံးမှုများကိုလည်း သီးခြားကောက်နှုတ်ဖော်ပြထားပါသည်။